# REDD+ အတွက် ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်းဆိုင်ရာ ရပိုင်ခွင့်အား ပေးအပ်ကျင့်သုံးနိုင်ရေး မည်သို့ ဆောင်ရွက်ပေးမည်နည်း



Photo Credit: Ye Lwin

သစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းတို့တွင် မှန်ကန်သော နည်းလမ်း ရှိသလို မှားယွင်းသော နည်းလမ်းလည်း ရှိပါသည်။ မှန်ကန်သော နည်းလမ်းလော၊ မှားယွင်းသော နည်းလမ်းလော မည်သို့ ခွဲခြား သိနိုင်မည်နည်း။ ဒေသခံ အကျိုးသက်ဆိုင်သူများ၏ ရပိုင်ခွင့်များအတွက် ဆောင်ရွက်ပေးပြီး လေးစားလိုက်နာသည့် နည်းလမ်းသည် “မှန်ကန်သော” နည်းလမ်း ဖြစ်ပါသည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်း ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်အောက်ရှိ REDD+ လုပ်ငန်းစဉ်အား ဒီဇိုင်းရေးဆွဲရာတွင် နိုင်ငံများသည် REDD+ အတွက် ခန်ခွန်းကာကွယ်စောင့်ရှောက်မှုအချို့နှင့်အတူ ဤ “ရပိုင်ခွင့်များပေါ်အခြေခံသောနည်းလမ်း” အား လက်တွေ့ကျင့်သုံးကြရပါသည်။ ထိုကာကွယ်စောင့်ရှောက်မှုများသည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံ ပြည်သူများ၏ ရပိုင်ခွင့်များကို အဓိကထား ကာကွယ်ပေးပါသည်။

ထိုရပိုင်ခွင့်များထဲမှတစ်ခုမှာ "ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း" (FPIC) ကို ရရှိခံစားပိုင်ခွင့် ဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူများတွင် FPIC ကို ရရှိခံစားပိုင်ခွင့်ရှိကြောင်း ထင်ရှားလှသော်လည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် မြေယာနှင့် သစ်တောများအပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များအား ချမှတ်သောအခါ ထိုရပိုင်ခွင့်ကို မကြာခဏ လျစ်လျူရှုထားတတ်ကြပါသည်။

REDD+ အောက်တွင် ထိုရပိုင်ခွင့်ကို လျစ်လျူရှု၍ မရပါ။ သို့သော် ထိုရပိုင်ခွင့်အတွက် လက်တွေ့တွင် မည်သို့ ဆောင်ရွက်ပေးပြီး၊ မည်သို့ လေးစားလိုက်နာရမည်နည်းဟု မေးစရာရှိပါသည်။ ဘေးမှ လူနေရပ်ကွက်တစ်ခုတွင် ရပ်ကွက်နေပြည်သူများ၏ မြေများနှင့် အရင်းအမြစ်များအပေါ် သက်ရောက်မှု ရှိနိုင်သည့် စက်ရုံအသစ်တစ်ရုံ ဆောက်လုပ်မည်ဆိုပါက ထိခိုက်နစ်နာနိုင်သူများထံမှ FPIC ကို တောင်းခံရန် (သို့မဟုတ် တောင်းခံခြင်း မပြုရန်) လုပ်ငန်းစဉ်ကို ဒီဇိုင်းရေးဆွဲဖို့ဆိုသည်မှာ အတန်အသင့်လွယ်ကူသော ကိစ္စဖြစ်ပါသည်။ သို့သော် နိုင်ငံတွင်းရှိ သစ်တောများအားလုံးအပေါ် သက်ရောက်နိုင်သော မူဝါဒများနှင့် နည်းလမ်းများအတွက် စဉ်းစားမည်ဆိုလျှင်မူ ရင်ဆိုင်ရမည့် စိန်ခေါ်မှုအတိုင်းအတာမှာ ကြီးမားလှပါသည်။

ထိုအကြောင်းကြောင့် မည်သည်က အလုပ်ဖြစ်သည်၊ မည်သည်က အလုပ်မဖြစ်၊ နိုင်ငံအဆင့်တွင် အသုံးပြုမည့် လမ်းညွှန်ချက်များတွင် မည်သည်တို့ကို ထည့်သွင်းရမည်ဆိုသည်တို့နှင့်စပ်လျဉ်းသည့် သင်ခန်းစာများကို ရယူနိုင်ရန်အတွက် မွန်ပြည်နယ်၊ မော်လမြိုင်ကျွန်းခရိုင်တွင် FPIC ကို ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ရန် UN-REDD အစီအစဉ်က အဆိုပြုထားပါသည်။ မတ်လတွင် ပြုလုပ်သော တိုင်ပင်ဆွေးနွေးပွဲတစ်ခုတွင် ထိုသို့ ရှေ့ပြေးစမ်းသပ်ရန် အတွေးပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ဥပမာ -

- အချို့ REDD+ ဆောင်ရွက်ချက်များတွင် အမျိုးသားမူဝါဒများကို အပြောင်းအလဲ ပြုလုပ်ရန် ပါရှိပါသည်။ နိုင်ငံအဆင့် REDD+ မဟာဗျူဟာ၏ အတည်ပြုသည့်အဆင့်၌ စိတ်ရင်းမှန်ဖြင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ကာ တိုင်းရင်းသားအဖွဲ့အစည်းများအား တက်ကြွစွာ ပါဝင်ဆွေးနွေးစေခြင်းဖြင့် အဆိုပါ "အမျိုးသားအဆင့်" မူဝါဒအပြောင်းအလဲများအတွက် သဘောတူညီချက် ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။
- သို့သော် မြေပြင်တွင် အကောင်အထည်ဖော်မည့် မူဝါဒများနှင့် နည်းလမ်းများအတွက်မူ ထိခိုက်နစ်နာနိုင်သည့် လူမှုအသိုင်းအဝိုင်းများဘက်မှ FPIC အရ သဘောတူညီချက်ပေးနိုင်သည့် သို့မဟုတ် ငြင်းဆိုနိုင်သည့် အခွင့်အရေး ရရှိဖို့ လိုအပ်ပါသည်။
- FPIC လုပ်ငန်းစဉ်တွင် အကျိုးသက်ဆိုင်သူများအားလုံးအား ပြောရေးဆိုခွင့်ရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်သလို လက်တွေ့ကျကျဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည့်အတွက် ကျေးရွာအုပ်စုအဆင့်တွင် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်နိုင်ပါသည်။
- ကျားမတန်းတူညီမျှမှုသည်လည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည် (ထည့်သွင်းစဉ်းစားရန် အခြားလူနည်းစုအုပ်စုများ၊ ဥပမာ လူငယ်များ၊ မသန်စွမ်းသူများလည်း ရှိသေးကြောင်း မမေ့သင့်

ပါ)။ ကျေးရွာအများစုတွင် အမျိုးသမီးအသင်း/အဖွဲ့နှင့် လူငယ်အဖွဲ့တို့ ရှိကြပါသည်။ တန်းတူညီမျှမှု ရရှိစေရန် ထိုအဖွဲ့များကို အသုံးပြုသင့်ပါသည်။ ထို့ပြင် ဘာသာရေးအဖွဲ့အစည်းများတွင်လည်း အမျိုးသမီးနှင့် လူငယ်ခေါင်းဆောင်များ ရှိကြပြီး ၎င်းတို့သည် အလွန်ဩဇာရှိသူများ ဖြစ်ပါသည်။

တိုင်ပင်ဆွေးနွေးမှုများတွင် သတ်မှတ်ဖော်ထုတ်ခဲ့သော အဆိုပါကိစ္စများနှင့် အခြားပြဿနာရပ်အများအပြားအား ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မည့် အစီအစဉ်ထဲတွင် ထည့်သွင်းကိုင်တွယ်သွားမည်ဖြစ်ပြီး ဇူလိုင်လကုန်တွင် ပြီးစီးမည်ဟု မျှော်လင့်ပါသည်။ ထိုအစီအစဉ်မှ ရရှိခဲ့သည့် သင်ခန်းစာများ အနှစ်ချုပ်ကို ဆက်လက်ထွက်ရှိလာမည့် REDD+ အသိပညာများ စာစုတွင် တင်ပြပေးဦးမည် ဖြစ်ပါသည်။

#######